လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

Ministry of Social Welfare, Relief and Resettlement

Office No. (23), Nay Pyi Taw

Monthly Newsletter　　သတင်းလွှာ　　December 2023


# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်**　　**နေပြည်တော်**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် (၁၀:၀၀) နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II)၌ ကျင်းပရာ မသန်စွမ်းသူ များ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ပြီး အခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းကအမှာစကားပြောကြားခဲ့ပါသည်။




ဆက်လက်၍ နားမကြားသောကလေးများကျောင်း (မန္တလေး)မှ မသန်စွမ်းကလေးများက အီနောင်အကဖြင့် လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)မှ မသန်စွမ်းကလေးများက ဦးရွှေရိုး နှင့် ဒေါ်မိုး အကဖြင့် လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သောစာအုပ်များ၊ လက်မှုထုတ်ကုန် ပစ္စည်းများနှင့် အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်းနှင့် သီးခြားအစီအစဉ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အီနောင်အကဖြင့် ကပြဖျော်ဖြေခဲ့သည့် နားမကြားသောကလေးများကျောင်း(မန္တလေး)မှ မသန်စွမ်းကလေးများအား ဆုတော်ငွေ (၁၀) သိန်းကိုလည်းကောင်း၊ ဦးရွှေရိုးနှင့် ဒေါ်မိုး အကဖြင့် ကပြဖျော်ဖြေခဲ့သည့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)မှ မသန်စွမ်းကလေးများအား ဆုတော်ငွေ (၅) သိန်းကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr.Ramanathan Balakrishnan နှင့်တွေ့ဆုံခြင်း**



**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr.Ramanathan Balakrishnan သည် (၈-၁၂-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား လုပ်ငန်းပူးပေါင်း ဆောင်ရွက်မှုသည် လိုအပ်ချက်ရှိသော ပြည်သူများအတွက် လွန်စွာအရေးပါပါကြောင်းနှင့် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ဗီဇာထောက်ခံချက်များကို ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ် ထောက်ခံပေးလျက်ရှိပါကြောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ လားရှိုးမြို့ တိုက်ပွဲရှောင်စုရပ်များသို့ သွားရောက် ထောက်ပံ့ခြင်း



**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်** **လားရှိုးမြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် (၁၀-၁၂-၂၀၂၃) ရက်နေ့တွင် တာဝန်ရှိသူများနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ခေတ္တတိမ်းရှောင်ရောက်ရှိ နေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင်စုရပ်များဖြစ်သော လားရှိုးမြို့၊ အမှတ်(၁၂) လားရှိုးကြီးရပ်ကွက်ရှိ ကမ်မိန်းဘုန်းကြီးကျောင်းနှင့်သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၊ အမှတ်(၈) အောင်သီတာရပ်ကွက်ရှိ ရွှေပြည်အေးဓမ္မရိပ်သာ တိုက်ပွဲရှောင်စုရပ်၊ အမှတ်(၄)အာရုံတော်ရပ်ကွက်ရှိ ပန်အုပ်ကျောင်းများသို့ သွားရောက်၍ ဆန်ရိက္ခာဖိုးငွေ၊ လိုအပ်သော ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများနှင့် နိုင်ငံတော်အကြီးအကဲမှ ပေးအပ်သော စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များထောက်ပံ့ပြီး အားပေးစကားများ ပြောကြားခဲ့ပါသည်။

လူမှုရေးရာများနှင့်ပတ်သက်လျှင် HELP LINE ၀၆၇-၃၄၀ ၄၂၂၂ ၀၆၇-၃၄၀ ၄၉၉၉
သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်လျှင် HOT LINE ၀၆၇-၃၄၀ ၄၆၆၆ ၀၆၇-၃၄၀ ၄၇၇၇
၂၄-နာရီ စုံစမ်းမေးမြန်းနိုင်ပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ဟသ်ာတမြို့ ဖောင်ဆိပ်ကျေးရွာ School Cum Shelter ဆောက်လုပ်မှုအား ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်** **ဟသ်ာတမြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် (၁၁-၁၂-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ဖောင်ဆိပ်ကျေးရွာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောက်လုပ်နေသော ဘေးဒဏ်ခံစာသင်ကျောင်း (School Cum Shelter) တည်ဆောက်မှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက သာမန်အချိန်တွင် စာသင်ကျောင်းအဖြစ်အသုံးပြုပြီးဘေးအန္တရာယ်ကျရောက်ချိန်တွင် ခိုလှုံရာနေရာအဖြစ် အသုံးပြုခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌတို့က ခွင့်ပြုချထားပေးခြင်းဖြစ်၍ တည်ဆောက်မှု ပိုင်းတွင်လည်း သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တိကျစွာ ဆောက်လုပ်ရန်အရေးကြီးပါကြောင်း၊ ဆောက်လုပ်ပြီးပါက တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ အနေဖြင့် စနစ်တကျ ထိန်းသိမ်းအသုံးပြုကြရန် လိုအပ်ပါကြောင်း မှာကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟသ်ာတခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံသို့ သွားရောက်ပြီး ကယ်ဆယ်ထောက်ပံ့မှု လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ခြောက်သွေ့ရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကိုသတိပြု၍လိုအပ်သော မီးငြိမ်းသတ်ရေးပစ္စည်းများ ထပ်မံဖြည့်တင်းထားရန်၊ မီးဘေးလုံခြုံရေးစီမံချက်ကို အချိန်အခါနှင့်အမျှ ကိုက်ညီမှုရှိစေရေး ပြင်ဆင်မှုများ ပြုလုပ်၍ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ကြရန် မှာကြားခဲ့ပါသည်။

## သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း




**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်** **ဟင်္သာတမြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် (၁၂-၁၂-၂၀၂၃)ရက်နေ့တွင် ကျင်းပခဲ့သော ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း(၅၈)ဦး တက်ရောက်ခဲ့ပြီး ဒီဇင်ဘာလ(၂၂)ရက်နေ့ထိ ဖွင့်လှစ်ခဲ့ပါသည်။

## သင်တန်းကျောင်းဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်သင်တန်း Level-1 သင်တန်း ဖွင့်လှစ်ခြင်း



**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Tdh-L တို့ပူးပေါင်း၍ "သင်တန်းကျောင်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်သင်တန်း **Level-1"** ကို (၁၄.၁၂.၂၀၂၃) ရက်နေ့တွင် နေပြည်တော်၊ Hotel Max ၌ ဖွင့်လှစ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောခဲ့ပြီး အဆိုပါသင်တန်းသို့ လူမှုဝန်ထမ်းဦးစီးဌာနရှိကလေးပြုစုရေး (၇)ခု၊ လူငယ်နှင့်အမျိုးသမီးသင်တန်းကျောင်း(၁၆)ကျောင်းတို့မှ သင်တန်းသား/သူ (၄၀)ဦး တက်ရောက်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုခြင်း



**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် (၂၆-၁၂-၂၀၂၃) ရက်နေ့တွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးရှိ ရေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြု ဗဟိုဌာနသို့ သွားရောက်ခဲ့ပြီး မူကြိုဆရာမများအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ လက်ခံစောင့်ရှောက်ထားသော ကျောင်းသားများအတွက် သင်ကြားလေ့ကျင့်ပေးမှု အခြေအနေများ၊ ကျွေးမွေးမှု၊ သင်တန်းခန်းမနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခြင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့သွားရောက်ခဲ့ခြင်း၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်၍ ကလေးများ၏ မသန်စွမ်းမှုအမျိုးအစား အလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အစဉ်တစိုက်ကြည့်ရှုစောင့်ရှောက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၁/၂၀၂၃) ကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်** **နေပြည်တော်**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသား ကော်မတီ အစည်းအဝေး (၁/၂၀၂၃) ကို (၁၉-၁၂-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် နှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။

## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်** **နေပြည်တော်**

အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၇-၁၂-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဦးစိုးကြည် Online စနစ်ဖြင့် တက်ရောက်ခဲ့ပြီး လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပထမငါးနှစ် ကာလအတွေ့အကြုံများအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းရပ်များတွင် ကလေးလုပ်သားများအတွက် အကောင်းဆုံးအကျိုးစီးပွားရရှိစေရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများရှိပါက လုပ်ငန်းစဉ်များနှင့်အညီ အတတ်နိုင်ဆုံးကူညီပံ့ပိုးနိုင်ရေးအတွက် အစီအစဉ်များကြိုတင် စီစဉ်ထားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ရည်မှန်းချက်များပြည့်မြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

## ဝန်ကြီးဌာန နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနား ကျင်းပခြင်း



**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်** **နေပြည်တော်**

၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်အခါသမယကို ကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို (၂၉-၁၂-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးမှ ယခုလို ဝန်ကြီးဌာနတစ်ခုအတွင်း အကြောင်းဆုံ၍ အတူတကွ နိုင်ငံတာဝန်၊ ပြည်သူ့အကျိုးပြုတာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် မိမိတို့၏ ဝန်ထမ်းမိသားစုများအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း မိမိတို့ ပြုမူဆောင်ရွက်ခဲ့သည့် ကောင်းခြင်း ဆိုးခြင်းများကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး လာမည့် ၂၀၂၄ ခုနှစ် နှစ်သစ်တွင် လိုအပ်ချက်

အားနည်းချက်များကို ပြုပြင်ကာ လုပ်ငန်းတာဝန်များကို စည်းလုံး ညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲအနေဖြင့် မိမိတို့ဝန်ထမ်းများ ဗလာမပါဆုမဲများ ထိုက်ထိုက်တန်တန်ရရှိစေရေး စနစ်တကျ စီစဉ် ဆောင်ရွက်ပေးထားပါကြောင်း၊ မိမိတို့ဝန်ထမ်းများအားလုံး လာမည့်နှစ်သစ်တွင် ကျန်းမာစွာဖြင့် ပျော်ရွှင်အောင်မြင်စွာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆထက်ထမ်းပိုးဆောင်ရွက်နိုင်စေရေး ဆန္ဒပြုအပ်ပါကြောင်း အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များမှ ဆုမဲကြီးများဖြစ်သည့် မော်တော်ဆိုင်ကယ်၊ အဝတ်လျှော်စက်၊ TV၊ ရေခဲသေတ္တာ၊ Samsung Hand Phone ၁၀ လုံး၊ Air Cooler နှင့် ငွေသားကံစမ်းမဲများ အပါအဝင် ပေါက်မဲဆုမဲများကို ဝန်ထမ်းများသို့ ကိုယ်တိုင်ချီးမြှင့်ပေးအပ်ခဲ့ကြပါသည်။

## လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူ ထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်** **နေပြည်တော်**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစိုးကြည် ဦးဆောင်၍ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ (၁၁.၁၂.၂၀၂၃) ရက်နေ့တွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

အစည်းအဝေးသို့ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ် (၂၁) ဦး

တက်ရောက်ခဲ့ပြီး တက်ရောက်လာသော ကော်မတီဝင် ကိုယ်စားလှယ်များမှ ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး ဆုံးဖြတ်ချက်(၁၀)ချက် ချမှတ်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

## အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းစေရေးဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ(Regional Workshop to Strengthening Capacity of National Mechanism for the Advancement of Women in AMS) ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်** **နေပြည်တော်**



ASEAN Committee on Women-ACW မြန်မာအနေဖြင့် ACW Work Plan(2021-2025)တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုတင်သွင်းထားသည့် စီမံကိန်းတစ်ခုဖြစ်သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းစေရေးဆိုင်ရာဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ (Regional Workshop to Strengthening Capacity of National Mechanism for the Advancement of Women in AMS) ကျင်းပနိုင်ရန် အကြိုညှိနှိုင်း အစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့၊ နေ့လယ်(၁၃း၃၀) အချိန်တွင် လူမှုဝန်ထမ်းဦးစီးဌာန၊အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အဆိုပါညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲရေး လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့(Nationwide Case Management Supervision Unit-NCMSU) Working Group လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်** **နေပြည်တော်**

နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲရေး လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ (Nationwide Case Management Supervision Unit-NCMSU) Working Group တတိယ(၃)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်းဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင် (၂၈.၁၂.၂၀၂၃) ရက်နေ့ နံနက်(၁၀:၀၀)နာရီက ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲများရှိ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက (Inperson) ဖြင့် တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ ဦးစီးမှူးများက (Online) ဖြင့်တက်ရောက်ကြပါသည်။ အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို မွန်းတည့်(၁၂:၀၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။



## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် GBV အသိပညာပေး အစီအစဉ် ကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်** **မော်လမြိုင်မြို့**



၂၀၂၃ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် မော်လမြိုင်ခရိုင် GBV အသိပညာပေး အစီအစဉ်ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်လူမှုဝန်ထမ်းရုံး ခန်းမ၌ (၅-၁၂-၂၀၂၃) ရက်နေ့၊ မွန်းလွဲ (၁၄း၀၀) နာရီ အချိန်တွင် ကျင်းပခဲ့ပါသည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အသိပညာပေးဆွေးနွေးခြင်း နှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ဥပဒေ အသိပညာပေး အသိပညာပေး Talk Show ရိုက်ကူးခြင်း

**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်** **မုဒုံမြို့**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုခန်းမတွင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေး Talk Show နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေး Talk Show ရိုက်ကူးခြင်းကို (၈.၁၂.၂၀၂၃) ရက်နေ့တွင် သွားရောက် ရိုက်ကူးခဲ့ပါသည်။



## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် (GBV) အသိပညာပေးဟောပြောပွဲ ကျင်းပပြီးစီးခြင်း

**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်** **မုဒုံမြို့**



မွန်ပြည်နယ် လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ မုဒုံမြို့နယ်၊ မုဒုံမြို့၊ အ.ထ.က(ခွဲ)ဗိုလ်တေဇကျောင်း၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်(GBV) အသိပညာ ပေး ဟောပြောပွဲအား (၈.၁၂.၂၀၂၃) ရက်နေ့၊ နံနက် (၁၀:၀၀)

နာရီ အချိန်တွင် ကျောင်းသား၊ကျောင်းသူ ကျား (၄၆) ဦး၊ မ(၈၄)ဦး၊ စုစုပေါင်း(၁၃၀)ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား အာဟာရမုန့်များ ဝေငှခဲ့ပါသည်။

## မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျား/ မရေးရာ အမြင်ထည့်သွင်းစဉ်းစားမှု (Gender Mainstreaming) အသိပညာပေးဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း

**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်** **မော်လမြိုင်မြို့**

မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးအစီအစဉ်ဖြင့် **ကျား/ မရေးရာ အမြင်ထည့်သွင်းစဉ်းစားမှု (Gender Mainstreaming)** အသိပညာပေးဆွေးနွေးပွဲကို(၂၀-၁၂-၂၀၂၃) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင်မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူး ဒေါ်လှဲ့ယဉ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ပြည်နယ်လူမှုဝန်ထမ်းရုံး မှ ဒေါ်ဝင်းဝင်းမာ (လက်ထောက်ညွှန်ကြားရေးမှူး) က ကျား၊ မရေးရာ (Gender)နှင့် ကျား၊ မရေးရာ အမြင် ထည့်သွင်းစဉ်းစားမှု (Gender Mainstreaming) ကို လူမှုဝန်ထမ်းဦးစီးဌာနမှ ပေးပို့ထားသည့် Power Point ဖြင့် အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းပြီး အသိပညာပေးဆွေးနွေးပွဲကို မွန်းတည့်(၁၂:၀၀) နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

အသိပညာပေး ဆွေးနွေးပွဲသို့ ခရိုင်/မြို့နယ် အတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ ခရိုင်/ မြို့နယ်ဦးစီးမှူး များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကျား (၁၀) ဦး၊ မ (၂၅) ဦး၊ စုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့ကြပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း



(၆-၁၂-၂၀၂၃) ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကျောက်မှော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသား/ သူ (၁၀၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော ခြင်း၊ လက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းနှင့် စာရေးကိရိယာဝေငှခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။



(၈-၁၂-၂၀၂၃) ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဘုရားလေးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား/သူ(၁၅၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဗွီနိုင်းပိုစတာဖြန့်ဝေခြင်းနှင့် စာရေးကိရိယာဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၀-၁၂-၂၀၂၃) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အပင်နှစ်ဆယ်ကျေးရွာအုပ်စု၊ အပင်နှစ်ဆယ်ကျေးရွာ၌ ကျေးရွာသူ/သား (၆၈)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း သင်တန်းဖွင့်လှစ်မှုပြုလုပ်ခြင်း



(၁၁-၁၂-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားခရိုင်၊ နေပြည်တော် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် သင်တန်းသား/ သူ (၉၀) ဦးတို့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံ (တိုင်းအဆင့်) သင်တန်း အမှတ်စဉ် (၂/ ၂၀၂၃) ကို အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း မီးဘေးထောက်ပံ့မှုများ

(၅-၁၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ် (၁) လုံး၊ ဘေးသင့်လူဦးရေ (၅) ဦး

အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-) တို့ကို (၈-၁၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၇-၁၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ တောင်းပြုံးကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁၁) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈၆)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၈၀,၆၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၉-၁၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၁၂-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၅) ရပ်ကွက်၊ မဟာစေတီလမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဒဏ်ရာရရှိသူ (၅) ဦးအတွက် ထောက်ပံ့ငွေကျပ်(၂၅၀,၀၀၀/-)အား (၁၃-၁၂-၂၀၂၃) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၈-၁၂-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၃) လုံးတို့အတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၇) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၅,၇၀၀/-)တို့ကို (၁၅-၁၂-၂၀၂၃) ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၁၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ဂဠုံကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၄-၁၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၂-၁၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ရွှေကျင်ကွက်သစ်ကျေးရွာ၌မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီးလူနေအိမ် (၂) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၉၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၉) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၈,၉၀၀/-) နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို (၁၄-၁၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွား ရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၈-၁၂-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊

ဇရစ်ရပ်ကွက်၊ အာဇာနည်လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၁)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၅) မျိုးတို့ကို (၁၉-၁၂-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၉-၁၂-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ကျေးရွာ၊ စပါးတောင်လမ်းသွယ်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၃)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၂) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၅,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၀-၁၂-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၉-၁၂-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ ကမော့ကချူးကျေးရွာအုပ်စု၊ ရေမင်းသာယာကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂,၁၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၉-၁၂-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၉-၁၂-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၆) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂၀)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄၂,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂၁-၁၂-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း လေဘေးထောက်ပံ့မှုများ



(၅-၁၂-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ တမုတ်ချုံကျေးရွာအုပ်စု၊ ရှမ်းအင်းတော် ကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၈)ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၆,၈၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၁-၁၂-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုများ

(၈-၁၂-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကွင်းလျားကျေးရွာအုပ်စု၊ ဘုရားကုန်း ကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင် ပြောင်းရွှေ့ လူနေအိမ်(၄)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၉,၄၀၀/-) တို့ကို (၁၁-၁၂-၂၀၂၃) ရက်နေ့တွင် ရေကြည် မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုများ



(၁၁-၁၂-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သာမညကျေးရွာအုပ်စု၊ ရွှေဘုံသာဘုန်းကြီးကျောင်း၌ ယာယီတိုက်ပွဲရှောင်စခန်းရှိ ဘေးသင့် လူဦးရေ(၁၃၀၇)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ ကျပ် (၂,၇၄၄,၇၀၀/-) တို့ကို (၁၄-၁၂-၂၀၂၃) ရက်နေ့တွင် ဘားအံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။


ဘေးလျော့ပါးရေး

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်း

ထောက်ပံ့ရေး

## လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်းဖွင့်လှစ်ခြင်း

**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်** **နေပြည်တော်**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်း သင်တန်းအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့တွင် Virtual Training ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှသင်တန်းသား/သင်တန်းသူ (၅၆)ဦး တက်ရောက်ခဲ့ပြီး သင်တန်းနည်းပြများအဖြစ် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများမှ သင်ကြားပို့ချခဲ့ပါကြောင်းနှင့် သင်တန်းအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့မှ (၁၅)ရက်နေ့အထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၃) ဆင်းပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

(၁၉-၁၂-၂၀၂၃)ရက်နေ့၊နံနက်(၁၀:၀၀)နာရီတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးဒေါ်သိန်းသိန်းမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ အရပ်ဖက် မိတ်ဖက်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် သတင်းမီဒီယာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများစုစုပေါင်း(၅၆)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းအခမ်းအနားကို နံနက်(၁၁:၃၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါကြောင်း သတင်းရရှိပါသည်။

